# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၁၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၅.၄၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၅ ရက်၊

(၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁၃ ရက်၊

(၃) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၃ ရက်၊

(၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၂ ရက်၊

(၅) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၇) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၅ ရက်၊

(၉) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၀) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၁၁) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၂) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၃ ရက်၊

(၁၃) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၁၄) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၅) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၅ ရက်၊

(၁၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၁၇) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၃ ရက်၊

(၁၈) တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၂ ရက်၊

(၁၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၂၀) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၂၁) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၂၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၂၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၄) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၂၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁၂ ရက်၊

(၂၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၂၇) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၈) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၂ ရက်၊

(၂၉) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၃၀) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၃ ရက်၊

(၃၁) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၃၃) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၁ ရက်၊

(၃၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၃၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၃၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃၈) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဋ္ဌေး ခွင့် ၃ ရက်၊

(၃၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၃ ရက်၊

(၄၀) ဟူမွလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၄၁) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၃ ရက်၊

(၄၂) မုံ့ရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၄၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၂ ရက်၊

(၄၄) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၄၅) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၄၆) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၄၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၃ ရက်၊

(၄၈) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၄၉) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၅ ရက်၊

(၅၀) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၂ ရက်၊

(၅၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၅၂) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၅ ရက်၊

(၅၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၅၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဋ္ဌေး ခွင့် ၅ ရက်၊

(၅၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၅၆) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၃ ရက်၊

(၅၇) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၅၉) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၆၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၆၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၆၂) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၅ ရက်၊

(၆၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၆၄) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၆၅) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၅ ရက်၊

(၆၆) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်၊

(၆၇) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်၊

(၆၈) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၅ ရက်၊

(၆၉) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၇၀) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

(၇၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၇၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၇၃) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းဌေ ခွင့် ၁ ရက်၊

(၇၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၇၅) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၇၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၇၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၃ ရက်၊

(၇၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလွင်ဦး ခွင့် ၂ ရက်၊

(၇၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်မိုးအောင် ခွင့် ၁ ရက်၊

(၈၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၈၁) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၃ ရက်၊

(၈၂) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၃ ရက်၊

(၈၃) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၃ ရက်၊

**မူကြမ်း**

(၈၄) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၃ ရက်၊

(၈၅) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၃ ရက်၊

(၈၆) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၃ ရက်၊

(၈၇) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၃ ရက်၊

(၈၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်နှင့်

(၈၉) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၀၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူစုစုပေါင်း ၁၀၃ ဦးဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေရဲ့ ၂၅ ရာခိုင်နှုန်းခန့် ခွင့်ယူထားပါတယ်။ (၁၂) ကြိမ်မြောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးဟာ ကျွန်တော်တို့ နိုင်ငံနှင့် နိုင်ငံသားများအတွက် အင်မတန်မှ အရေးကြီးတဲ့အစည်းအဝေးများဖြစ်ကြပါတယ်။ ဒီလိုအချိန်မျိုးမှာ မိမိမလွဲမရှောင်သာတဲ့ကိုယ်ရေးကိုယ်တာကိစ္စများ၊ ကျန်းမာရေးကိစ္စများ ရှိကောင်းရှိနိုင်ပါတယ်။ ထိုနည်းတူစွာပဲ ပါတီတာဝန်ကိစ္စများ ရှိကောင်းရှိနိုင်ပါတယ်။ သို့ရာတွင်

မိမိတို့သည် ပြည်သူ့ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ဒီအချိန်မှာ ဘယ်ဟာကို အလေးထားဆောင်ရွက်ရမယ်ဆိုတာ သုံးသပ်ဆောင်ရွက်ဖို့ အချိန်ကျရောက်လာပါပြီ။ အခု ဒီလို တင်ပြတဲ့နေရာမှာ အစည်းအဝေးတက်ရောက်တဲ့သူများကိုသာ တင်ပြနိုင်ပြီးတော့ အစည်းအဝေး မတက်ရောက်နိုင်တဲ့သူများကိုတော့ သက်ဆိုင်ရာပါတီတာဝန်ရှိတဲ့သူများက လိုအပ်သလိုပြောဆို ဆောင်ရွက်ဖို့လိုပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ ဒီနေ့ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား အတွက် ဆောင်ရွက်မယ်။ ဒီလိုဥပဒေတွေကိုပြဋ္ဌာန်းမယ်။ အဆိုတွေ တင်ပြလာတဲ့အခါမှာလည်း မှန်ကန်တဲ့ဘက်က ရပ်တည်ဆုံးဖြတ်မယ်ဆိုရင်တော့ လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းဟာ မိမိတို့ ရည်မှန်းချက်ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့လွှတ်တော်တွေက ဖွဲ့စည်းပေးထားတဲ့ ကော်မရှင်၊ ကော်မတီများမှာလည်း ပါဝင်ကြရမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဟာ မိမိရဲ့ တစ်ဦးချင်းကိစ္စများထက် ကော်မတီရဲ့ကိစ္စများကိုလည်း အလေးထားဆောင်ရွက်မယ့်အချိန် ဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သဘာဝဘေးအန္တရာယ်ဖြစ်သော မြေငလျင်လှုပ်ခတ်မည့်သတင်း ကြိုတင်အသိပေးရေး၊ လှုပ်နေသည့် အချိန်အတွင်း မည်သို့အန္တရာယ်ကာကွယ်ရန်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပြည်သူများ သိရှိရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှာ ငလျင်များမကြာခဏလှုပ်နေတာကို တွေ့ရှိနေရပါတယ်။ အင်အားအကြီးဆုံး ငလျင်ဖြစ်တဲ့ သပိတ်ကျင်းငလျင်ပြီးတဲ့နောက် ငလျင်ငယ်များဟာ ရာနဲ့ချီပြီးတော့ လှုပ်ခတ်နေခဲ့ရပါ တယ်။ လှုပ်ခတ်တဲ့ငလျင်ငယ်များဟာ ပြင်းအားကိုပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း Rechter Scale ၅

မူကြမ်း

အဆင့်ကျော်တဲ့လျှောင်များပါ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပညာရှင်များက သတိပေးတဲ့လျှောင်ကြီးများရဲ့ နောက်ဆက်တွဲလျှောင်ငယ်များလား။ ဒါမှမဟုတ် လျှောင်ကြီးလှုပ်ခတ်ခါနီး ကြိုတင်လှုပ်ခတ်တတ်တဲ့လျှောင်ငယ်များလားဆိုတာကို ကွဲကွဲပြားပြားမသိရှိရသေးပါဘူး။ သပိတ်ကျင်း လျှောင်ကြီးလှုပ်ပြီးတဲ့ နှစ်နှစ်အကြာမှာ လျှောင်ပြတ်ရွေ့တွေဟာ သိသိသာသာလှုပ်ရှားလာတာကို တွေ့ရှိ နေရပါတယ်။ လျှောင်အန္တရာယ်ကြိုတင်ပြင်ဆင်မှုအပိုင်းဟာ အခြားသဘာဝဘေးအန္တရာယ်များထက် ပိုပြီးတော့ အလေးပေးသင့်ကြောင်း ပညာရှင်များကလည်း ထောက်ပြဝေဖန်နေတာကို တွေ့ရှိရ ပါတယ်။ မြန်မာနိုင်ငံအနှံ့မှာ သက်ရှိနေတဲ့ အဓိကလျှောင်ကြောကြီး ငါးခုရှိနေတဲ့အပြင် စစ်ကိုင်း ပြတ်ရွေ့ကြောကြီးကလည်း မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းမှ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့အနီးက ကပ္ပလီပင်လယ်အတွင်းကိုတိုးဝင်သွားတာ ကီလိုမီတာတစ်သောင်းခန့်ရှည်လျား တယ်ဆိုတာကို တွေ့ရှိရပါတယ်။ ၎င်းပြတ်ရွေ့ကြောကြီးဟာ လူဦးရေအတော်အသင့် ထူထပ်တဲ့ မိုးကောင်း၊ အင်းတော်ကြီး၊ ထီးချိုင့်။ အဲ့ဒီကမှတစ်ဆင့် စစ်ကိုင်း၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ပျဉ်းမနား၊ ဖြူး၊ ပဲခူးကနေပြီးတော့ ခရမ်းသုံးခွကိုဖြတ်ပြီးတော့ ကပ္ပလီ ပင်လယ်ထဲကို ထိုးဆင်းသွားတာဖြစ်တယ်လို့ ပညာရှင်များက အသေးစိတ်တွက်ချက်ထားပါတယ်။ မြန်မာနိုင်ငံမှာ လျှောင်ကြောပေါ်မှာနေထိုင်တဲ့ မြန်မာနိုင်ငံသားများဟာ သန်းနဲ့ချီပြီးတော့ရှိနေသော် လည်း လျှောင်သဘာဝဘေးအန္တရာယ် တုံ့ပြန်အသိပညာပေး နည်းပါးနေတာကို တွေ့ရှိရပါတယ်။ ကြိုတင်ပြင်ဆင်ထားတဲ့ စီမံခန့်ခွဲမှုကောင်းကောင်း ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော် တို့နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်အတွက် မြေငလျင်မလှုပ်ခတ် မီနှင့် လှုတ်ခတ်နေစဉ်၊ လှုပ်ခတ်ပြီးအချိန်များမှာ မည်ကဲ့သို့ကြိုတင်လုပ်ဆောင်ရမည့် ပညာပေးရေး အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်

များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်က ပြည်သူ့လွှတ်တော်ကို တင်ပြထားတဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မြေငလျင်သဘာဝဘေးအန္တရာယ်ဟာ အခြားသဘာဝဘေးအန္တရာယ်များ (ဥပမာ- မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း) စသည်တို့ကဲ့သို့ ကြိုတင်ခန့်မှန်း၍မရနိုင်တဲ့ ဘေးအန္တရာယ်ဖြစ်ပါတယ်။ ထို့ကြောင့် မြေငလျင်လှုပ်ခတ်မည့်သတင်းကို ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။ မြေငလျင်ဟာ နေ့/ညအချိန်မရွေး လှုပ်ရှားနိုင်ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံများမှာ အတိတ်ကလှုပ်ရှားခဲ့သော မြေငလျင်အချက်အလက်များနှင့် ဘူမိဗေဒဆိုင်ရာ ကွင်းဆင်းတိုင်းတာမှုများပြုလုပ်ပြီးတော့ မြေငလျင်ဘေးကျရောက်နိုင်သော မြေငလျင်ပြင်းအားပြမြေပုံ (Micro-seismic Zoning Map) များ ရေးဆွဲထားရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အဆိုပါ မြေငလျင်ပြင်းအားပြမြေပုံများ ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဆိုပါမြေပုံအရ အဆောက်အဦများ တည်ဆောက်ရာတွင် သက်ရောက်နိုင်သော မြေငလျင်ဒဏ်ကိုခံနိုင်သည့်ဒီဇိုင်းများ၊ ပစ္စည်းများဖြင့် ဆောက်လုပ်ရန် အဆောက်အဦတည်ဆောက်ပုံ လက်စွဲစည်းမျဉ်း (Building Code) ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှဦးဆောင်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ရေးဆွဲလျက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနဟာ မြေငလျင်ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများအပြင် ဒေသတွင်းရှိ အခြားအဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့်လည်း ပူပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့်အတူ အာရှသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန (Asian Disaster Preparedness Centre- ADPC)၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အခြားအဖွဲ့အစည်းများပါဝင်ပြီး Earthquake Risk Assessment of Mandalay City စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ငလျင်ဘေးအပါအဝင် သဘာဝဘေးများကြောင့် ပြည်သူတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် ဘေးမဖြစ်မီ၊ ဘေးဖြစ်နေစဉ်၊ ဘေးဖြစ်ပွားပြီးနောက် ဆောင်ရန်၊

ရှောင်ရန်အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး သိရှိလိုက်နာစေရန်အတွက် နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျောင်းနေရွယ်ကလေးများမှအစပြု၍ မိသားစုများအတွင်းပါ သိရှိစေရန် ကျောင်းသုံးဗလာစာအုပ်အတွင်းဘက် မျက်နှာဖုံးများတွင် ဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ ထည့်သွင်းပုံနှိပ်ခြင်း၊ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ ရပ်ကွက်/ကျေးရွာနေပြည်သူများအတွက် ရပ်ရွာအခြေပြုသဘာဝဘေးစီမံခန့်ခွဲမှုဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဒေသ၏ပထဝီအနေအထား၊ ဖြစ်ပွားတတ်သော ဘေးအမျိုးအစားပေါ်မူတည်၍ ရပ်ကွက်/ကျေးရွာအဆင့် အသိပညာပေး ဆွေးနွေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများဟာ စီမံခန့်ခွဲသူချည်းသာ ဆောင်ရွက်၍မရဘဲ ဘေးဒဏ်ကို လက်တွေ့ရင်ဆိုင်ရမည့် ရပ်ရွာလူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ ထိရောက်ပြီးပြီးပြည့်စုံသော၊ အားလုံးပါဝင်ဆောင်ရွက်သော သဘာဝဘေးစီမံခန့်ခွဲမှုစနစ်ကို ထူထောင်နိုင်ရန် သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့်စွမ်းအားစုများ အမြဲအသင့်ဖြစ်စေနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များရှိ ကျေးရွာများတွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့များကို ၂၀၁၄ ခုနှစ် မေလမှစတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါ လူငယ်မောင်မယ်များအား သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် နည်းပြသင်တန်းများ ဖွင့်လှစ်၍ သဘာဝဘေးစီမံခန့်ခွဲမှုဘာသာရပ်များနှင့် ရပ်ရွာအခြေပြုသဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းအကြောင်း ဆွေးနွေးပို့ချလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ သင်တန်း (၂၆)ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါသင်တန်းဆင်းလူငယ်များက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၏ကြီးကြပ်မှုဖြင့် ရပ်ရွာတွင် သဘာဝဘေးလျော့ပါးစေရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းများနှင့် ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါတယ်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် (Japan International Cooperation Agency) အဖွဲ့တို့ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် အ.ထ.က(၁)တွင် ကျောင်းသားကျောင်းသူများအား ငလျင်ဘေးအန္တရာယ်ကြုံတွေ့လာပါက ဘေးလွတ်ရာ ရှောင်တိမ်းနိုင်ရန်အတွက် လက်တွေ့လေ့ကျင့်ခန်းပြုလုပ်ခြင်း

အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဦးစီး ဌာနများ၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီ၊ UN-Habitat တို့ပူးပေါင်းပြီးတော့ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ငလျင်ဘေးကြိုတင်ခန့်မှန်း၍မရနိုင်သော်လည်း လူမှုဝန်ထမ်းကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ငလျင်မလှုပ်မီ၊ လှုပ်နေစဉ်၊ လှုပ်ပြီးနောက် လိုက်နာဆောင်ရွက်မည့်အချက်များကို ပြည်သူလူထုအား အသိပညာပေးခြင်း၊ လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်လျက်ရှိတဲ့အပြင် ငလျင်လှုပ်ပြီးနောက် ဖြစ်ပေါ်တတ်သည့် နောက်ဆက်တွဲငလျင်ကြောင့် အဆောက်အဦပြိုကျနိုင်သည့်အတွက် လုံခြုံစိတ်ချရသော အဆောက်အဦများနှင့် နေရာများသို့ ပြောင်းရွှေ့နေထိုင်ရေးတို့ကိုလည်း သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူလူထုထံ သတိပေးရေးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၏ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များအား ထားဝယ်ခရိုင်နည်းတူ မဟာ ဓာတ်အားလိုင်းချိတ်ဆက်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်း ဒေသကြီး၊ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များ သို့ထားဝယ်ခရိုင်နည်းတူ မဟာဓာတ်အားလိုင်းသွယ်တန်း၍ လျှပ်စစ်ဓာတ်အားလိုင်းများ ချိတ်ဆက် ဖြန့်ဖြူးပေးရန်အစီအစဉ် ရှိမရှိကိုမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ မေးမြန်းရခြင်းအကြောင်းမှာ တနင်္သာရီတိုင်းဒေသအတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသဖြင့် ပုဂ္ဂလိကမီးလင်းရေးကော်မတီမှ လျှပ်စစ်ဓာတ်အားများကို ရယူသုံးစွဲ၍ လျှပ်စစ်ဓာတ်အား တစ်ယူနစ်လျှင် ကျပ် ၄၄၀ မှ ၄၇၀ အထိကို ပေး၍အသုံးပြုနေခဲ့ကြရသည်မှာ ၁၀ နှစ်ကျော်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ မကြာသေးမီကမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ် ဓာတ်အားတစ်ယူနစ်လျှင် ၃၅ ကျပ်မှ ယူနစ် ၂၀၀ အထက်ကို ၄၀ကျပ် စသည့်ဈေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ခြင်းကြောင့် သက်ဆိုင်ရာမြို့နယ်အလိုက် စတင်ဆန္ဒပြခဲ့ကြသော်လည်း တနင်္သာရီ

တိုင်းဒေသကြီးအနေဖြင့် ရွေးချယ်ခွင့်မရှိဘဲ မဖြစ်မနေသုံးစွဲနေရသည့်တစ်ယူနစ်လျှင် ၄၄၀၊ ၄၇၀ ကျပ် စသည်တို့ကို ငြင်းဆန်နိုင်ခြင်းမရှိဘဲ သုံးစွဲနေကြရပါသည်။ တနင်္သာရီတိုင်းဒေသအတွင်းရှိ ထားဝယ် ခရိုင်အနေဖြင့် ၂၀၁၅ မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်၍ မဟာဓာတ်အားလိုင်းကို ချိတ်ဆက်အသုံးပြုရတော့မည်ဖြစ်ကြောင်း လွှတ်တော်အတွင်း မေးမြန်းချက်ကို လျှပ်စစ်စွမ်းအား ဝန်ကြီး၏ ဖြေကြားချက်အရ သိရှိခဲ့ကြရပါသည်။

အလားတူပင် တနင်္သာရီတိုင်းဒေသကြီး၏ ကျန်ခရိုင်နှစ်ခုကလည်း မဟာဓာတ်အားလိုင်းကို ချိတ်ဆက်အသုံးပြုခွင့်ရရှိရေးကို ပြည်သူတို့က လိုလားတောင့်တနေကြပါသည်။ သို့ပါ၍ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို ပြည်သူတို့ကိုယ်စား မေးမြန်းပေးရခြင်း ဖြစ်ပါသည်။ (၁) တနင်္သာရီ တိုင်းဒေသကြီး၏ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များအား ထားဝယ် ခရိုင်နည်းတူ မဟာဓာတ်အားလိုင်းချိတ်ဆက်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိသည်ဆိုပါ ကလည်း မည်သည့်အချိန်တွင် ချိတ်ဆက်ပေးပါမည်နည်း။ အကယ်၍ မရှိဘူးဆိုပါလည်း အဘယ့် ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြကုန်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးမော်သာထွေး က တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီမှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနဟာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေးနှင့်ထားဝယ်မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး နိုင်ရန်အတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်သွားရန်အတွက် တရုတ် ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်ရန် အဆိုပြုချက်ရရှိထားပြီးဖြစ်ပါတယ်။ ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက်

၂၃၀ ကေဗွီ ထားဝယ်-မြိတ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကော့သောင်းမြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ မြိတ်-ဘုတ်ပြင်း-ကော့သောင်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း တည်ဆောက်သွားရန် ကြိုတင်လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က နိုင်ငံသားတို့၏ ဘေးကင်းလုံခြုံစိတ်ချစွာ ပူပင်ကြောင့်ကြမဲ့နေထိုင်နိုင်ရေး၊ လူနေမှုဘဝကို အန္တရာယ်ပြုနှောင့်ယှက်ဟန့်တားခြိမ်းခြောက်နေသော အကြမ်းဖက်မှုနှင့် ဒုစရိုက်မျိုးစုံကျူးလွန်နေမှုများအား ကာကွယ်တားဆီးနှိမ်နင်း ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားတိုးချဲ့ခြင်းနှင့် အရည်အချင်းပြည့်မီစွာ နိုင်ငံတကာအဆင့် ဘက်စုံတိုးချဲ့မြှင့်တင်ဆောင်ရွက်မှုများ ပြုလုပ်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့အတွက် ဦးခိုင်မောင်ရည်အား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ်တင်သွင်းလိုပါတယ်။ အဆိုမှာ နိုင်ငံသားတို့၏ ဘေးကင်းလုံခြုံစိတ်ချစွာ ပူပင်ကြောင့်ကြမဲ့နေထိုင်နိုင်ရေး၊ လူနေမှုဘဝကို အန္တရာယ်ပြုနှောင့်ယှက်ဟန့်တားခြိမ်းခြောက်နေသော အကြမ်းဖက်မှုနှင့် ဒုစရိုက်မျိုးစုံကျူးလွန်နေမှုများအား ကာကွယ်တားဆီးနှိမ်နင်း ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားတိုးချဲ့ခြင်းနှင့် အရည်

အချင်းပြည့်မီစွာ နိုင်ငံတကာအဆင့် ဘက်စုံတိုးချဲ့မြှင့်တင်ဆောင်ရွက်မှုများပြုလုပ်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ရင်းနဲ့ အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကော လောက်ကိုင်ဒေသကျရောက်နေကြတဲ့ အသက်ခန္ဓာစွန့်လွှတ်ခဲ့သူများကို ဒီနေရာမှနေ ဂုဏ်ပြုထောက်ခံကြောင်းပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်းမှာဒုစရိုက်မှုကျူးလွန်မှုများမှာ ယခုနှစ်အတွင်း ပိုမိုဆိုးရွားစွာ ကြားသိမြင်တွေ့နေကြရပါတယ်။ သာမန်ပြည်သူများအတွင်းမှာပင် လက်ရဲဇက်ရဲနဲ့ကျူးလွန်သူများမှာ ကူးစက်ရောဂါသဖွယ် ပျံ့နှံ့၊ နေရာအနှံ့ကျူးလွန်မှုတွေ ဖြစ်နေပါတယ်။ မြို့ကြီးများမှာလည်းကောင်း၊ ကျေးလက်များတွင်လည်းကောင်းပုံစံအသီးသီးဖြင့် အသက်၊ ဥစ္စာပစ္စည်း၊ ငွေကြေးစသည့် အိုးအိမ်စည်းစိမ်တို့ကို အကြမ်းဖက်ခံနေရခြင်း၊ ဒုစရိုက်မှုကျူးလွန်သူများရဲ့ နှောင့်ယှက်မှုအန္တရာယ်နှင့်ဒုက္ခဒဏ်များ ခံစားနေကြရကြောင်းတွေ့ရှိနေရပါတယ်။ ဘဝရပ်တည်မှုအတွက် နေ့တိုင်းလုပ်ငန်းခွင်အကြားမှာ နေ့စဉ်အသွား/အပြန်လုပ်နေကြရတဲ့ အမျိုးသမီးများ၊ ပြည်သူလူထုများတို့မှာ စိုးရိမ်စိတ်တို့နဲ့ သတိနှင့်သွားလာနေကြရကြောင်း ပြောဆိုမှုများ ကြားသိနေကြရပါတယ်။ အစိုးရသစ်လက်ထက်မှာ မှုခင်းများကျဆင်းရေးကြိုးစားဆောင်ရွက်မှုများရှိသော်လည်း ဝန်နှင့်အားမမျှသကဲ့သို့ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ အသွင်အမျိုးမျိုးဖြင့် အကြမ်းဖက်မှုများဖြစ်ပေါ်နေချိန်မှာ အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်နှိမ်နင်းနိုင်ရန်မှာ ပြည့်စုံလုံလောက်သော တပ်ဖွဲ့ဝင်အင်အား၊ ခေတ်မီကာကွယ်နှိမ်နင်းရေးပစ္စည်းကိရိယာ လက်နက်တပ်ဆင်မှုအင်အားတို့ လိုအပ်ပါတယ်။ ခေတ်မီစက်ကိရိယာများနှင့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး ခေတ်မီယာဉ်များ အသုံးပြုနိုင်မှု မရှိသေးပါဘူး။ ရဲတပ်ဖွဲ့ဝင်များအတွက် အဆင့်မြင့်အရာရှိသင်တန်းကျောင်းများ၊ အဆင့်မြင့်နည်းပညာသုံးကျောင်းများ သီးသန့်ဖွင့်လှစ်ထားရှိရန်နှင့် လက်ရှိဖွင့်လှစ်ထားတဲ့ အခြေအနေနဲ့မလုံလောက်ဘဲ တိုးချဲ့ဖွင့်လှစ်သွားဖို့ လိုအပ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ထက်မြက်မှုအတွက် ပုံမှန်လေ့ကျင့်မှုဆောင်ရွက်နိုင်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းထိန်းချုပ်ရေး စွမ်းရည်မြင့်မားရေးတို့အတွက် လိုအပ်သောနည်းပညာနှင့် အခြားဖြည့်ဆည်းဆောင်ရွက်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေးရန် လက်ရှိအခြေအနေထက် တိုးချဲ့ပေးဖို့ လိုအပ်ပါတယ်။ တပ်ဖွဲ့ဝင်အင်အား နှစ်ဆကနေလေးဆ

မူကြမ်း

အထိ တိုးချဲ့နိုင်ရန်လိုအပ်ပါတယ်။ ပြည်သူ့ဘဝလုံခြုံစိတ်ချရမှုသာ အသက်အိုးအိမ်စည်းစိမ်အတွက် စိုးရိမ်မှုကင်းမှုသာ တည်ငြိမ်အေးချမ်းသောနိုင်ငံသားတို့ရဲ့ တည်ငြိမ်အေးချမ်းသောနိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသားအချင်းချင်းမှ အကြောင်းအမျိုးအမျိုးပေါ် မူတည်ပြီးတော့မှ ဖြစ်ပေါ်နေတဲ့ ဒုစရိုက်မှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက်မှုများ ကျူးလွန်ခြင်းများ ရှိနေသဖြင့် တားဆီးကာကွယ်နှိမ်နင်းထိန်းချုပ်ရန် လိုအပ်သကဲ့သို့ ပြည်ပမှပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မိမိတို့နိုင်ငံအတွင်း ငြိမ်းချမ်းမှုပျက်ပြားစေရန်နှင့် အခြားသောရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှု များနှင့် အခြားအမျိုးမျိုးသော နှောင့်ယှက်ဖျက်ဆီးမှုများ ကြံစည်လုပ်ဆောင်လာနိုင်တဲ့ အန္တရာယ် မှန်သမျှတို့ကို ကာကွယ်တားဆီးရန်လည်း လိုအပ်ပါတယ်ခင်ဗျ။ အကြမ်းဖက်အန္တရာယ် ကာကွယ်နိုင် ရန် နိုင်ငံအသီးသီးတို့မှာလည်း မိမိတို့နိုင်ငံအလိုက် အရေးကြီးကိစ္စရပ်အဖြစ် တပ်လှန့်ဆောင်ရွက်မှု များ ပြုလုပ်နေကြပါတယ်။ မိမိတို့နိုင်ငံတွင်လည်း လုံခြုံရေးသတိဖြင့် အကြမ်းဖက်မှုဖော်ထုတ်ရေး လုပ်ငန်းစဉ်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်း၊ အဓိကလုံခြုံရေးလုပ်ငန်းတစ်ရပ် အဖြစ် စီမံချက်များဖြင့် ဆောင်ရွက်ခြင်း၊ အဆင့်မြင့်နည်းပညာသုံး ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက် ရန်လိုပါတယ်ခင်ဗျ။ တစ်ဖက်မှာလည်း တပ်ဖွဲ့ဝင်တို့ရဲ့ ဆောင်ရွက်ရန်တာဝန်နှင့်အတူ လိုအပ်ချက်နှင့် အခွင့်အရေးများကို မြှင့်တင်ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပါတယ်။ လစာမှအပလုံလောက်သော ရိက္ခာ၊ ချီးမြှင့်ငွေ၊ စရိတ်နှင့် နေရာထိုင်ခင်း ခံစားခွင့်ပေးဖို့လိုအပ်ပါတယ်။ တပ်ဖွဲ့ဝင်များ၏ မိသားစု သီးသန့်ခံစားခွင့်များပေးရန် လိုအပ်ပါတယ်။ မြို့ပေါ်ရပ်ကွက်များတွင် လမ်းအလိုက်၊ ကျေးရွာများတွင် လူဦးရေအလိုက် တပ်ဖွဲ့ဝင်များအင်အား အချိုးကျဖြည့်တင်းပေးဖို့ လိုအပ်ပါတယ်။

လက်နက်မဲ့တိုက်ခိုက်ရေးကျွမ်းကျင်ရန် မြို့နယ်တိုင်းမှာ တိုက်ခိုက်ရေးစွမ်းရည်၊ ပြည်သူ ကာကွယ်စောင့်ရှောက်မှုစွမ်းရည် လေ့ကျင့်မှုသင်တန်းများ အမြဲဖွင့်လှစ်ထားဖို့လိုအပ်ပါတယ်။ တပ်ဖွဲ့ ဝင်များအား ရာဇဝတ်မှုဥပဒေများ အခြေခံကနေ အဆင့်မြင့်တန်းအထိ ရဲလုပ်ငန်းကျွမ်းကျင်မှုဖြင့် မဖြစ်မနေသင်ယူတတ်မြောက်ဖို့လည်းလိုအပ်ပါတယ်။ ပြည်သူစောင့်ရှောက်မှုနှင့်ကာကွယ်မှုစွမ်းရည်၊ အရေးကြီးမှုခင်းများဖော်ထုတ်ပေးနိုင်မှုစွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တစ်ဦးချင်း/အဖွဲ့လိုက်၊ မြို့နယ်အလိုက် စသည်တို့ကို နိုင်ငံတော်အဆင့်မှ အသိအမှတ်ပြုဆောင်ရွက် ပေးရန်လည်းလိုအပ်ပါတယ်။ တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်မှု အရည်အချင်းအလိုက်၊ ရာထူး

အဆင့်အလိုက် အသီးသီးချီးမြှင့်ခြင်းနှင့် အရည်အချင်းညှိဖျင်းမှု၊ တာဝန်မကျေပွန်မှု၊ ပြည်သူကို မထီမဲ့မြင်ပြုမှု၊ စော်ကားမှုရှိသော တပ်ဖွဲ့ဝင်များအားလည်း ပြတ်သားစွာအရေးယူခြင်း၊ တပ်ဖွဲ့မှ ထုတ်ပစ်ခြင်းများ၊ ဆုပေး/ဒဏ်ပေးစနစ်ဖြင့် ပြုလုပ်ရန်လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ထောက်ပံ့မှုနှင့် ဘတ်ဂျက်ခွဲဝေမှုကိုလည်း ဒီ့ထက်ပိုပြီးတော့ တိုးမြှင့်ပေးရန်တို့လည်း လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါအဆိုအား လွှတ်တော်သို့တင်သွင်းလိုပါတယ်ခင်ဗျား။

အဆိုမှာ နိုင်ငံသားတို့၏ ဘေးကင်းလုံခြုံစိတ်ချစွာ ပူပင်ကြောင့်ကြမဲ့နေထိုင်နိုင်ရေး၊ လူနေမှုဘဝကို အန္တရာယ်ပြုနှောင့်ယှက်ဟန့်တား ခြိမ်းခြောက်နေသော အကြမ်းဖက်မှုနှင့် ဒုစရိုက်မှုမျိုးစုံကျူးလွန်နေမှုများအား ကာကွယ်တားဆီးနှိမ်နင်း ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားတိုးချဲ့ခြင်းနှင့် အရည်အချင်းပြည့်မီစွာ နိုင်ငံတကာအဆင့် ဘက်စုံတိုးချဲ့မြှင့်တင်ဆောင်ရွက်မှုများ ပြုလုပ်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ နိုင်ငံသားတို့၏ဘေးကင်းလုံခြုံစိတ်ချစွာ ပူပင်ကြောင့်ကြမှုကင်းမဲ့စွာ နေထိုင်နိုင်ရေးအတွက် လူနေမှုဘဝကို အန္တရာယ်ပြုနှောင့်ယှက်ဟန့်တားခြိမ်းခြောက်နေတဲ့ ပြည်တွင်းရန်နှင့်ပြည်ပရန် အကြမ်းဖက်မှုမျိုးစုံကို ကာကွယ်တားဆီးနှိမ်နင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအင်အားတိုးချဲ့ခြင်းနှင့် အရည်အချင်းပြည့်မီစွာ နိုင်ငံတကာအဆင့် ဘက်စုံတိုးချဲ့မြှင့်တင်ဆောင်ရွက်နိုင်မှုများပြုလုပ်နိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ လုပ်ငန်းရည်မှန်းချက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီရည်မှန်းချက်တာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရဲလုပ်ငန်းရဲ့ အခြေခံမူများဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေးများကိုလေးစားလိုက်နာခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ခေတ်နဲ့အညီ လိုက်ပါပြောင်းလဲပြီး တိုးပွားလာတဲ့တာဝန်အသစ်များကိုလည်း ဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။။ ပြည်သူများဘေးကင်းလုံခြုံစွာနဲ့ ပူပင်ကြောင့်ကြမဲ့နေထိုင်ရေးအတွက်ကို အန္တရာယ်ပြုနှောင့်ယှက်ဟန့်တားခြိမ်းခြောက်နေတဲ့ အကြမ်းဖက်မှုနဲ့ ဒုစရိုက်မျိုးစုံ ကျူးလွန်နေသူများကိုလည်း တားဆီးထိန်းချုပ်နိုင်ဖို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားတိုးချဲ့ခြင်းနဲ့ အရည်အချင်းပြည့်မီရေးကိုလည်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၈-၁၀-၂၀၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေး အမှတ်စဉ်(၂၂/၂၀၁၁) မှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ၁၅ ရုံးများ တွင် လုံခြုံရေးတပ်ခွဲ ၃ ခွဲပါရဲအကူတပ်ဖွဲ့ခွဲ ၁ ဖွဲ့စီ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများ ၇၃ ရုံးမှာ လုံခြုံရေးတပ်ခွဲ ၁ ခွဲစီ၊ မြို့နယ် ၃၃၀ မှာ လုံခြုံရေးတပ်ခွဲ ၁ ခွဲစီနဲ့ မြို့မရဲ့စခန်း ၃၃၀ စခန်း၊ နယ်မြေရဲစခန်း ၅၀၂ စခန်း၊ ရဲကင်းစခန်း ၄၁၅ စခန်းတို့ကို နယ်မြေလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးအတွက်ကို တိုးချဲ့ဖွဲ့ စည်းဆောင်ရွက်ခွင့်ပြုခဲ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် သတင်းရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၃) ဖြင့်လည်းကောင်း၊ မှုခင်းရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့ကိုလည်း ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၃) ဖြင့်လည်းကောင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးလည်းဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ လုပ်ငန်းလိုအပ်ချက်များအပေါ် အခြေခံကာ သက်ဆိုင်ရာတာဝန်များ ထမ်းဆောင်နိုင်ဖို့ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် အထူးကိစ္စရပ်တစ်ရပ်အနေနဲ့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၄) နဲ့လည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အဖွဲ့ကွပ်ကဲမှုအောက်မှာ နယ်ခြားစောင့်ရှောက်ရဲတပ်ဖွဲ့ခွဲ ၄ ဖွဲ့ကိုဖွဲ့စည်းပြီး မောင်တောခရိုင်မှာရှိတဲ့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ စစ်တွေခရိုင်မှာရှိတဲ့ ရသေ့တောင်မြို့နယ်များမှာလည်း တာဝန်ထမ်းဆောင်စေခဲ့ပြီးဖြစ်ပါတယ်။ ယခင်က ဖွဲ့စည်းခဲ့တဲ့ ရဲတပ်ရင်း ၁၂ ရင်းကို လုံခြုံရေးရဲတပ်ဖွဲ့ခွဲများအဖြစ် အမည်ပြောင်းလဲခဲ့ပြီး လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ၄ ဖွဲ့နဲ့ ၎င်းလက်အောက်မှာရှိတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၄၀ ကိုလည်း တိုးချဲ့ဖွဲ့စည်းကာ ပြည်တွင်းလုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အရည်အချင်းပြည့်ဝစွာဖြင့် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ဖို့အတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှာ ရဲလေ့ကျင့်ရေးဌာနကြီးတစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းဌာနကြီးအောက်မှာ ယခင်က ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း(ပြင်ဦးလွင်)၊ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(ရမည်းသင်း)၊ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(ဝက်ထီးကန်)နဲ့ အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(တောင်လေးလုံး)စုစုပေါင်း လေးကျောင်းသာရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၃) နှင့် ရဲအရာရှိသင်တန်းကျောင်း(မန္တလေး)၊ ရဲအကြပ်သင်တန်းကျောင်း(လှော်ကား)နဲ့ အမှတ်(၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(စစ်ကိုင်း)တို့ကို တိုးချဲ့ဖွဲ့စည်းခွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါသင်တန်းကျောင်းများအနေဖြင့် ရဲတပ်ဖွဲ့ရဲ့စွမ်းရည်မြင့်မားရေးအတွက်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိရာမှာ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း(ပြင်ဦးလွင်)မှာ ဒုတိယရဲအုပ်လောင်းသင်တန်းများ၊ အမှုစစ်အရာရှိသင်တန်း၊ နယ်ထိန်းအရာရှိသင်တန်း၊ မှုခင်းမှတ်တမ်းအရာရှိသင်တန်း၊ စခန်းမှူးသင်တန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်းတို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ပါတယ်။ ရဲအကြပ်သင်တန်းကျောင်း(လှော်ကား)မှာ ရဲတပ်ကြပ်ကြီးစာရေးသင်တန်း၊ ရဲအကြပ်ကြီး မွမ်းမံသင်တန်း၊ ရဲအကြပ်ကြီး/ရဲအကြပ်ငယ်/ရဲအကြပ်လောင်းသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှာ ရဲတပ်သားသစ်သင်တန်းသားများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့၊ အထူးတာဝန်တပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စတဲ့တပ်ဖွဲ့များမှလည်း ၎င်းတို့နှင့်သက်ဆိုင်တဲ့ အကြမ်းဖက်နှိမ်နင်းရေးနှင့် လုံခြုံရေးသင်တန်းများအပါအဝင် ၎င်းတို့ ထမ်းဆောင်နေတဲ့တာဝန်နဲ့သက်ဆိုင်တဲ့ စွမ်းရည်မြင့်သင်တန်းများကိုလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှာလည်း ၎င်းတို့အစီအစဉ်နှင့် နယ်ထိန်းအရာရှိ၊ အမှုစစ်အရာရှိ၊ နယ်ထိန်းအခြားအဆင့်မွမ်းမံသင်တန်းများ၊ တိုက်ပွဲဝင်စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးသင်တန်းများ၊ လူစုလူဝေးကြီးကြပ်ကွပ်ကဲခြင်းသင်တန်းများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိနေပါတယ်။

နိုင်ငံတကာမှာ ရဲနှင့်ပြည်သူအချိုးဟာ ၁း၄၅၀ စံချိန်စံညွှန်းသတ်မှတ်ထားတဲ့အတွက် မြန်မာနိုင်ငံမှာ ရဲနှင့်ပြည်သူအချိုး ၁း၄၀၀ နှုန်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လျာထားသတ်မှတ်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အရည်အချင်းပြည့်ဝတဲ့ တပ်ဖွဲ့ဝင်အင်အား ပြည့်မီရေးကိုလည်း တိုးမြှင့်စုဆောင်းဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လက်ရှိအင်အားနှင့် မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၁ သန်းကျော်တို့ကို တွက်မည်ဆိုပါက ရဲနှင့်ပြည်သူအချိုးဟာ ၁း၆၉၀ နှုန်းသာရှိတဲ့အတွက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှသာ ပိုမိုထိရောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် ရဲတပ်ဖွဲ့ဝင်များအနေနဲ့ နိုင်ငံတကာအဆင့်မီ စွမ်းရည်များပြည့်ဝစေဖို့အတွက်ကို ဥရောပသမဂ္ဂအဖွဲ့မှ အကြမ်းဖက်မှုစုံစမ်းစစ်ဆေးတိုက် ဖျက်ရေးသင်တန်း၊ အကြမ်းဖက်လူအုပ်စု ကိုင်တွယ်ထိန်းသိမ်းရေးနှင့် ဆက်နွယ်နေတဲ့ လူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်သင်တန်း၊ အရေးပေါ်အခြေအနေတုံ့ပြန်မှုသင်တန်း၊ လုံခြုံရေးဆိုင်ရာ အားနည်းချက်များအပေါ် လေ့လာဆန်းစစ်မှုသင်တန်း၊ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်သင်တန်းစတဲ့ သင်တန်းများအပါအဝင် သင်တန်းအမျိုးအစား ၂၆ ခုကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဥရောပသမဂ္ဂအဖွဲ့မှ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်သင်တန်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ ပို့ချပေးခဲ့ရာမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၅

ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရဲတပ်ဖွဲ့ဝင် ၂၄၂ ဦး တက်ရောက်ခဲ့ပြီး ဆင့်ပွားသင်တန်းများလည်း ဆက်လက်သင်ကြားပို့ချပေးလျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရသစ်လက်ထပ်မှာ ရဲတပ်ဖွဲ့ဝင်များ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စွမ်းရည်မြင့်မားစေရေးအတွက်ကို နိုင်ငံတကာအဖွဲ့အစည်းများဖြင့် လေ့ကျင့်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြင်ပဗဟုသုတများရရှိစေရေးအတွက်ကို နိုင်ငံတကာသို့ ပညာသင်စေလွှတ်ခြင်း၊ သင်တန်းများတက်ရောက်စေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံ ၁၁ နိုင်ငံမှာ သင်တန်းအမျိုးအစား ၈၁ ခုကို တပ်ဖွဲ့ဝင် ၄၇၉ ဦးအား စေလွှတ်သင်ကြားစေခဲ့ပြီး ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများသို့လည်း စွမ်းရည်မြင့်သင်တန်းတက်ရောက်ဖို့အတွက် တပ်ဖွဲ့ဝင် ၈၂ ဦးကို စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယန်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံများသို့လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီး ရှစ် ဦးအား အကြမ်းဖက်လူအုပ်စုကိုင်တွယ်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့လေ့လာရေးခရီးစဉ်များစေလွှတ်ပြီး ဥရောပသမဂ္ဂအဖွဲ့မှကျွမ်းကျင်ပညာရှင်များ၊ နည်းပြများနှင့်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အကူနည်းပြများ ပူးပေါင်း၍ လုံခြုံရေးတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များ၊ အကြမ်းဖက်လူအုပ်စုကိုင်တွယ်ထိန်းသိမ်းရေးသင်တန်းများကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှစတင်ပို့ချပေးလျက်ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သင်တန်းအမှတ်စဉ် ၁၈ ခုမှာ အရာရှိ ၁၀၅၂ ဦး၊ အခြားအဆင့် ၄၂၀၆ ဦး စုစုပေါင်း ၅၂၅၈ ဦးကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါသင်တန်းများသို့ သတင်းမီဒီယာများ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ စုစုပေါင်း ၈၉၁ ဦး လာရောက်လေ့လာခဲ့ပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့ရဲ့ တာဝန်ထမ်းဆောင်ခြင်းများအတွက် လိုအပ်ချက်များ အခွင့်အရေးများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်များကို လစာအပြင်တစ်လစာ ရိက္ခာထောက်ပံ့ငွေ ၃၀၀၀၀ ကျပ်၊ အပိုထောက်ပံ့ကြေးငွေ ၃၀၀၀၀ ကျပ်၊ ဝေးလံခေါင်းပါးဒေသမှာရှိတဲ့ မြို့နယ် ၁၁၀ မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်နဲ့ဝန်ထမ်းများကို လက်ရှိခံစားနေတဲ့ လစာနဲ့ ညီမျှတဲ့ငွေပမာဏအတိုင်းအတာအပြင် ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဝတ်စုံစရိတ်အဖြစ် အရာရှိသင်တန်းသားတစ်ဦးလျှင် ၇၂၅၀၀ ကျပ်၊ အခြားအဆင့်သင်တန်းသားတစ်ဦးလျှင် ၆၄၂၀၀ ကျပ်၊ စာရေးဝန်ထမ်းတစ်ဦးလျှင် ၃၀၀၀၀ ကျပ်၊ ကျန်းမာရေးဆေးဝါးအကာအကွယ်နဲ့ ဆေးကုသမှုအတွက်

ကို တပ်ဖွဲ့ဝင်စာရေးဝန်ထမ်း တစ်ဦးလျှင်တစ်နှစ် ၂၀၀၀၀ ကျပ်၊ တာဝန်ထမ်းဆောင်ရာဒေသမှ ညဥ့်အိပ်ညဥ့်နေ သင်တန်းတက်ရောက်ရတဲ့ တပ်ဖွဲ့ဝင်စာရေးဝန်ထမ်းတစ်ဦးလျှင် တစ်ရက် ၅၀၀ ကျပ်၊ အမှုစုံစမ်းခြင်းဆိုင်ရာခရီးစရိတ်အတွက် တစ်မှုလျှင် ၅၀၀၀ ကျပ်၊ တရားခံဖမ်းဆီး ပို့ဆောင်ခအဖြစ် အမှုတစ်မှုလျှင် ၅၀၀၀၀ ကျပ်၊ အခြားအမှုတစ်မှုလျှင် ၃၀၀၀၀ ကျပ်၊ ကြိုတင်ကာကွယ်မှုတစ်မှုလျှင် ၁၀၀၀၀ ကျပ်နှုန်းနဲ့ ထောက်ပံ့ပေးလျက်ရှိနေပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနဲ့ ရဲကင်းစခန်းများရှိတဲ့ ယာဥ်များအတွက်ကို စက်သုံးဆီများလည်း ခွဲဝေချထားပေးပြီးဖြစ်ပါတယ်။ တယ်လီဖုန်းခ၊ လျှပ်စစ်ဓာတ်အားခ၊ အချုပ်သားထမင်းကျွေးစရိတ်၊ စက်ကိရိယာပြင်ဆင်စရိတ်၊ ယာဥ်ပြင်ဆင်စရိတ်၊ စာရေးကိရိယာနဲ့ရုံးအသုံးအဆောင်များကိုလည်း တိုးမြှင့်သတ်မှတ်ပေးလျက်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရရှိတဲ့ ရန်ပုံငွေအပေါ် မူတည်ပြီး တစ်နှစ်စာလျာထားချက်အား စနစ်တကျအချိုးကျမျှတစွာ ခွဲဝေချထားဆောင်ရွက်လျက်ရှိရာမှာ လိုအပ်ချက်များဖြစ်ပေါ်လာပါက ဖြည့်စွက်ရန်ပုံငွေများလည်း တင်ပြတောင်းခံပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်များ တာဝန်ဆောင်ရွက်မှု အရည်အချင်းအလိုက် ရာထူးအဆင့်တိုးမြှင့်ခြင်းနဲ့စပ်လျဥ်း၍ ထူးထူးခြားခြားချီးမြှင့်ထိုက်တဲ့ တာဝန်တစ်ရပ်ကို ဆောင်ရွက်နိုင်သူ၊ ထူးချွန်ပြောင်မြောက်ပြီး ကျေပွန်အောင်ဆောင်ရွက်နိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်ဦးဆောင်တဲ့ ဆုချီးမြှင့်ရေးအဖွဲ့ကစိစစ်ပြီး ရာထူးတိုးမြှင့်ပေးခြင်း၊ လုပ်သက်ဝါစဥ်နဲ့ လိုအပ်တဲ့အရည်အချင်းမပြည့်မီသူများအား ရာထူးတိုးမြှင့်ပေးရန်အဟန့်အတားဖြစ်နေပါက ဆုချီးမြှင့်ခြင်းဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပုံမှန်ဝတ္တရားများကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်တဲ့တပ်ဖွဲ့ဝင်များ၊ လုပ်ငန်းတာဝန်များမှာ ထူးချွန်စွာဆောင်ရွက်နိုင်တဲ့ တပ်ဖွဲ့ဝင်များ၊ သူရသတ္တိဖြင့်စွမ်းစွမ်းတမံဆောင်ရွက်နိုင်တဲ့ တပ်ဖွဲ့ဝင်များကို စိစစ်ပြီး စွမ်းရည်ဆိုင်ရာဘွဲ့တံဆိပ်များနဲ့ ဆုများချီးမြှင့်ပေးလျက်ရှိပါတယ်။ စွမ်းစွမ်းတမံဆောင်ရွက်ခြင်းများအတွက် ၂၀၁၂ ခုနှစ်မှာ ရဲသူရတံဆိပ်တစ်ဦး၊ ရဲဗလတံဆိပ်နှစ်ဦး၊ ၂၀၁၄ ခုနှစ်မှာ ရဲသီဟတံဆိပ်တစ်ဦး၊ ရဲသူရတံဆိပ်လေးဦး၊ ရဲဗလတံဆိပ်တစ်ဦး၊ ရဲကျော်စွာတံဆိပ်တစ်ဦး၊ ရဲကျော်သူတံဆိပ်လေးဦးတို့အားလည်း ချီးမြှင့်ပေးခဲ့ပါတယ်။

## မူကြမ်း

အရည်အချင်းညံ့ဖျင်းမှု၊ တာဝန်မကျေပွန်သူ၊ ပြည်သူကိုမထိမဲ့မြင်ပြုမှု ပြုလုပ်ခဲ့တဲ့ တပ်ဖွဲ့ဝင်များကို ပြတ်သားစွာအရေးယူခြင်း၊ တပ်ဖွဲ့မှထုတ်ပယ်ခြင်းစတဲ့ ဆုပေး/ဒဏ်ပေးစနစ်များကိုလည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိရဲတပ်ဖွဲ့ဝင်များ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှု၊ ဥပဒေချိုးဖောက်မှုများကို ကျူးလွန်တဲ့အတွက် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် ၅၇၀၇ မှုနဲ့ နယ်ဘက်တရားရုံးများနဲ့ စစ်ဆေးမှု ၅၉ မှု စုစုပေါင်း ၅၇၆၆ မှုဖြင့်လည်း အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါအမှုများမှာ အရာရှိ ၈၄ ဦး၊ အခြားအဆင့် ၂၀၂၇ ဦးတို့ကိုလည်း ထောင်ကျပြစ်ဒဏ်၊ အရာရှိ ၁၀၇ ဦး၊ အခြားအဆင့် ၂၄၇ ဦးတို့ကိုလည်းရဲတပ်ဖွဲ့မှထုတ်ပယ်တဲ့ ပြစ်ဒဏ်၊ အရာရှိ ၃၂၄ ဦး၊ အခြားအဆင့် ၆၉၇ ဦးတို့ကို ရာထူးအဆင့်လျှော့ချတဲ့ပြစ်ဒဏ်၊ အရာရှိ ၁၅၆၇ ဦးနဲ့ အခြားအဆင့် ၂၄၉၂ ဦးတို့ကို အခြားပြစ်ဒဏ် စုစုပေါင်းအရာရှိ ၂၀၈၂ ဦးနဲ့ အခြားအဆင့် ၅၄၆၃ ဦးတို့ကို အသီးသီးအရေးယူ အပြစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူများဘေးကင်းလုံခြုံစွာ ပူပင်ကြောင့်ကြမဲ့စွာနေထိုင်နိုင်ရေး၊ ဒုစရိုက်မျိုးစုံနဲ့ အကြမ်းဖက်မှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပေါင်းစပ်ကာ ပြည်တွင်း/ပြည်ပသင်တန်းများဖြင့် အရည်အသွေးမြှင့်တင်လေ့ကျင့်ပေးခြင်း၊ ပြည်တွင်းလုံခြုံရေး အပြည့်အဝဆောင်ရွက်နိုင်ရန်အတွက် တပ်ဖွဲ့နှင့်သင်တန်းကျောင်းများ တိုးချဲ့ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်စုဆောင်းခြင်း၊ တာဝန်နှင့်လျော်ညီသော လိုအပ်တဲ့ပစ္စည်းကိရိယာနဲ့ အထွေထွေထောက်ပံ့စရိတ်များ တိုးမြှင့်ဖြည့်စည်းပေးခြင်း၊ ဆုပေးဒဏ်ပေးစနစ်ဖြင့် တာဝန်နှင့်စည်းကမ်းပျက်ကွက်တဲ့ တပ်ဖွဲ့ဝင်များကို ထိရောက်ပြတ်သားစွာ အရေးယူခြင်းနှင့် ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်တဲ့ တပ်ဖွဲ့ဝင်များကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ဆောင်ရွက်လျက်ရှိတဲ့အတွက် ယင်းအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ခံယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ အဆိုရှင် ဦးခိုင်မောင်ရည်ရဲ့ သဘောထားပြောပါ။

မူကြမ်း

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဒုတိယဝန်ကြီး ပြောကြားသွားတဲ့အချက်တွေအားလုံး တော်တော်များများဆောင်ရွက်တာကို တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ တပ်ဖွဲ့ဝင်တွေမှာ စိတ်ခါတ်ရေးရာမြှင့်တင်မှုနှင့် ပတ်သက်ပြီးတော့ အချို့ကိစ္စတွေမှာ စီမံဆောင်ရွက်မှုများလိုအပ်ဦးမယ်လို့ထင်ပါတယ်။ ပြီးတော့ တချို့တပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ကျပြီးထွက်တာတို့၊ ကိုယ့်ကိုယ်ကိုသေကြောင်းကြံတာတို့လည်း တွေ့ခဲ့ရဖူးပါတယ်။ ဒါပေမယ့် ဒီအဆိုနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ လွှတ်တော်မှအတည်ပြုလိုသော်လည်း ဥက္ကဋ္ဌကြီးရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌကြီးရဲ့ဆန္ဒမဟုတ်ပါဘူး။ အဆိုရှင်ရဲ့သဘောထားကို ပြောခိုင်းခြင်းဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုကို မှတ်တမ်းတင်ဖို့အတွက် စောင့်ကြည့်ထိန်းညှိပြီး မှတ်တမ်းတင်ပေးဖို့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခိုင်မောင်ရည် တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးကထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းတင်ပြဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်းရယူသွားမှာ ဖြစ်ပါတယ်။ ဦးခိုင်မောင်ရည် တင်သွင်းထားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်ကစောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိစောင့်ကြည့်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်၏ တင်ပြလာသော အဆိုအပေါ် ရှင်းလင်းတင်ပြခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ၆-၂-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ စာရေးသားပြီး အရေးကြီးအဆိုအဖြစ် တင်သွင်းထားခဲ့ပါတယ်။ အဆိုရဲ့တင်ပြချက်မှာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်လျက်ရှိသော နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ နိုင်ငံသားလျှောက်ထားမှုအချိန်ကာလအား နောက်ဆုံးရက်သတ်မှတ်ပေးရန်နှင့် ထိုကာလအတွင်း လျှောက်ထားခြင်းမရှိသူများ၏ ယာယီသက်သေခံလက်မှတ်များအား တရားမဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းဟု ဖော်ပြထားပါတယ်။ ယင်းအဆိုအား အစိုးရအဖွဲ့သို့ ၆-၂-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ အဆိုပါအကြောင်းအရာများဟာ နိုင်ငံသားများအထူး စိတ်ဝင်စားတဲ့ကိစ္စတစ်ရပ်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတထံသို့ ၁၀-၂-၂၀၁၅ ရက်နေ့တွင် ယာယီသက်သေခံလက်မှတ် (White Card) ကိစ္စရပ်များအား ဆောလျင်စွာသုံးသပ်စဉ်းစားဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သဝဏ်လွှာကို ထပ်မံပေးပို့ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတမှလည်း ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ဥပဒေကြောင်းများကို လေ့လာသုံးသပ်ပြီး အချိန်မီ ၁၁-၂-၂၀၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

ယင်းအမိန့်ကြော်ငြာစာသည် ဒေါ်ခင်စောဝေတင်သွင်းသည့် အဆိုပါအကြောင်းအရာကိစ္စများကို အစိုးရအဖွဲ့မှ တစ်ချိန်တည်းစဉ်းစားဆောင်ရွက်နေခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးလိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ဒေါ်ခင်စောဝေ၏အဆိုအား သီးခြားထပ်မံဆောင်ရွက်ရန် မလိုတော့ကြောင်း အသိပေးတင်ပြအပ်ပါတယ်။ ထူးခြားကိစ္စတစ်ခုဖြစ်၍ ယခုလိုတင်ပြရခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌမှ သမ္မတထံပေးပို့သောသဝဏ်လွှာကို ဖတ်ကြားတင်ပြပေးပါမယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# နေပြည်တော်

စာအမှတ်၊ ၃/ပသ(စဝ) ၄/ ၂၀၁၅ (၁၂) -၁

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

သို့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ **ယာယီသက်သေခံလက်မှတ် (White Card) များကိစ္စ**

ရည်ညွှန်းချက် ။ ပြည်သူ့လွှတ်တော်ရုံး၏ ၆-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၂ / ပသ (စဝ) ၄ / ၂၀၁၅(၁-၁၂)-၂၃

၁။ ယခုအခါ ယာယီသက်သေခံလက်မှတ် (White Card) များကိစ္စနှင့်စပ်လျဉ်းပြီး ရဟန်းရှင်လူ ပြည်သူများအတွင်း ဝေဖန်ပြောဆိုမှုများ များစွာပေါ်ပေါက်လျက်ရှိပါသည်။ ဤကိစ္စအား တရားနည်းလမ်းကျစွာနှင့် မှန်ကန်မျှတစွာ စိစစ်ဆောင်ရွက်ပေးရမည့်အချိန်ဖြစ်ပါသည်။

၂။ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှလည်း ယာယီသက်သေခံလက်မှတ်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ စာရေးသားတင်ပြချက်ကို အဆိုအဖြစ်လက်ခံပြီး ယင်းကိစ္စအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ရည်ညွှန်းစာဖြင့် အကြောင်းကြားပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၃။ ဒေါ်ခင်စောဝေ၏အဆိုတင်ပြချက်မှာ ၁၉၈၂ ခု၊ မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်လျက်ရှိသော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ နိုင်ငံသားလျှောက်ထားမှုအချိန်ကာလအား နောက်ဆုံးရက်သတ်မှတ်ပေးရန်နှင့် ထိုကာလအတွင်း လျှောက်ထားခြင်းမရှိသည့်သူများ၏ ယာယီသက်သေခံလက်မှတ်များအား တရားမဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းအပ်ပါသည်ဟု ဖော်ပြထားပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ ရဟန်းရှင်လူ ပြည်ထောင်စုသားအပေါင်း အထူးစိတ်ဝင်စားနေသော ယာယီသက်သေခံလက်မှတ် (White Card) ကိစ္စရပ်များအား ဆောလျင်စွာ သုံးသပ်စဉ်းစားဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် အကြောင်းကြားအပ်ပါသည်။

ပူးတွဲ ဒေါ်ခင်စောဝေ၏ တင်ပြချက်မိတ္တူ (၃)ရွက်
ရည်ညွှန်းစာမိတ္တူ (၂)ရွက်

သူရရွှေမန်း
ဥက္ကဋ္ဌ

ဆိုပြီးတော့ နိုင်ငံတော်သမ္မတထံ ရေးသားပေးပို့ခဲ့တာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဒီကိစ္စနှင့်စပ်လျဉ်းပြီး ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ဘာများပြောစရာရှိပါသလဲ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ဒီလို ကျွန်မ တင်သွင်းတဲ့အဆိုကို နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပို့ပေးပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ နောက်ပြီးတော့ လွှတ်တော်အတွင်းမှာ ရှင်းလင်းတင်ပြပေးပါတဲ့ ကျွန်မတို့ရဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို အထူးကျေးဇူးတင်ရှိပါတယ်။ နောက်ပြီးတော့ နိုင်ငံတော်သမ္မတရုံးမှ ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၅)ကို ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ ထုတ်ပြန်လိုက်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးနှင့် တာဝန်ရှိတဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က

ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၂၇-၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၄၄ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၃၄ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၄၄ ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၃-၂-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း ပြန်လည်ရေးဆွဲရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါအချက် ၄၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လက်ခံရန်သဘောတူညီခဲ့ကြပါတယ်။ အဲ့ဒီအချက်များကတော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ဖြစ်သော အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)၊ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဖြစ်သော အပိုဒ် ၃ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၃) အပိုဒ် ၄ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ဖြစ်သော အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၁၀)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ဖြစ်သော အပိုဒ် ၆ အပိုဒ်ခွဲ(ဋ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်

၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၂)၊ အပိုဒ်ခွဲငယ်(၁၃)၊ အပိုဒ် ၇ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် ဖြစ်သော အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၁၄၊ အခန်း(၇) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အခန်း(၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အခန်း (၉) အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အခန်း(၁၀) အပိုဒ် ၂၉ အပိုဒ်ခွဲ(ဂ)၊ အခန်း(၁၂) အပိုဒ် ၄၂၊ အပိုဒ် ၄၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁၀)၊ အခန်း(၁၆) အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အခန်း(၁၇) အပိုဒ် ၆၂၊ အပိုဒ် ၆၃ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြု ချက် ၄၄ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ ပြင်ဆင်ချက် ၄၄ ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီက တင်ပြသွားတဲ့ ၄၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘော တူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနက် သဘောကွဲလွဲချက် ၃၄ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါ တယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်မှာ ညှိနှိုင်းအစည်းအဝေးသဘောတူညီချက်အရ အမျိုးသားလွှတ်တော် ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ သဘောထားကွဲလွဲသည့်အချက် ၃၄ ချက်မှာ အောက်ပါ အတိုင်းဖြစ်ပြီး ကွဲလွဲချက်ဇယားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ အဲ့ဒီအချက်များကတော့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)၊ အခန်း(၃) အပိုဒ် ၆ အပိုဒ်ခွဲ(က)

အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲငယ်(၁၅)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အခန်း(၄) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဍ)၊ အခန်း(၅) အပိုဒ် ၁၅၊ အခန်း(၇) အပိုဒ် ၁၈၊ အခန်း(၈) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)၊ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၁၊ အခန်း(၁၀) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉၊ အခန်း(၁၁) အပိုဒ် ၃၂၊ အခန်း(၁၂) အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အခန်း(၁၃) အပိုဒ် ၄၆ အပိုဒ်ခွဲ(က)၊ အခန်း(၁၄) အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အခန်း(၁၅) အပိုဒ် ၅၂၊ အခန်း(၁၆) အပိုဒ် ၅၅၊ အပိုဒ် ၅၉၊ အခန်း(၁၇) အပိုဒ် ၆၄၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၇၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆၅၊ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၉ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၏ သဘောထားကွဲလွဲသည့်အချက် ၃၄ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် ၃၄ ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှ ၃၄ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပေးပို့လာတဲ့ပြင်ဆင်ချက်များအနက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ သဘောကွဲလွဲချက် ၃၄ ချက်ရှိပါတယ်။ သဘောကွဲလွဲချက် ၃၄ ချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြထားပြီးဖြစ်ပါတယ်။ သို့ပါ၍ သဘောကွဲလွဲသည့်အချက် ၃၄ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်းရဲ့အဆိုကို ကျွန်တော်က လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၃၄ ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲသည့် ၃၄ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်အချိန်ကို အချိန်မီအသိပေး အကြောင်းကြားမှာဖြစ်ပါတယ်။ ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]